ရွှေဖလားအော်ကျေးရွာ

ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်း



ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွှေဖလားအော်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်။)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

၁။ စကားချီး .....

၂။ရည်ရွယ်ချက် .....

၃။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းမြစ်များ .....

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား .....

(ခ) သဘာဝအရင်းမြစ်များ .....

၄။ စီမံကိန်းဇယားများ .....

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ .....

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ .....

(၁.၂) အလုပ်လုပ်နိုင်သူအင်အား .....

(၁.၃) သဘာဝရင်းမြစ်များ .....

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ .....

(၁.၅) ထိခိုက်လွယ်မှု .....

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ .....

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ .....

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ .....

(၂.၃) ရွှေ့ပြောင်းလုပ်သားများ .....

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် .....

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း .....

(၂.၆) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု .....

(၂.၇) ပညာရေး .....

(၂.၈) ကျန်းမာရေးနှင့်အာဟာရ .....

(၂.၉) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး .....

(၂.၁၀) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ .....

(၂.၁၁) အခြေခံအဆောက်အဦများအခြေအနေ .....

(၂.၁၂) လျှပ်စစ်မီးရရှိမှု .....

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ .....

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး .....

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအခြေအနေ .....

၅။ နောက်ဆက်တွဲများ .....

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပြီး ယခု၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ထပ်မံပြင်ဆင်ဖြည့်စွက်ထားရှိပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များ တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိလာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်းခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၄

ရွှေဖလားအော်ကျေးရွာ

ဘုတ်ပြင်းမြို့နယ်

၂။ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်လာသူ အားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ရွှေဖလားအော်ကျေးရွာသည် ဘုတ်ပြင်းမြို့၏ တောင်ဘက်ရေမိုင်(၆၀)အကွာတွင် တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ရွှေကျားခုန်ကျေးရွာ၊ တောင်ဘက်တွင် ငှက်ပျောကျွန်းကျေးရွာ၊ အနောက်ဘက်တွင် ကမ်းတောကျေးရွာတို့တည်ရှိပါသည်။ကျေးရွာသို့လာရောက်မည်ဆိုပါ နွေကာလတွင် လာရောက်မည်ဆိုပါက ပို၍အဆင်ပြေပါသည်။ မိုးကာလတွင်လာရောက်မည်ဆိုပါက လှိုင်းလေပြင်းထန်ခြင်းများကြောင့် အနည်းငယ် အခက်အခဲရှိပါသည်။



(ခ) သဘာဝအရင်းမြစ်များ

ကျေးရွာ၏ တည်ရှိပုံမှာ တစ်စုတစည်းတည်းနေထိုင်လျှက်ရှိပါသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများနေထိုင်ကြပါသည်။ ရွာတွင်အိမ်ထောင်စု(၆၀)ကျော်ရှိပြီး ကျွန်းရွာလေးတစ်ရွာဖြစ်ပါသည်။ကျေးရွာအတွင်းရှိအိမ်ထောင်စုများမှာ ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ဂဏန်းထောင်ခြင်း၊ ကျားပါးစပ်ထောင်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းကြပါသည်။ လူဦးရေ စုစုပေါင်း (၂၃၀)ခန့်နေထိုင်ထိုင်လျှက်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာအားလာရောက်မည်ဆိုပါက ရေလမ်းခရီးဖြင့် လာရောက်နိုင်ပါသည်။ နွေကာလတွင် လာရောက်ရန်မှာကောင်းမွန်ပါသည်။ မိုးကာလတွင် လာရောက်မည်ဆိုပါက လှိုင်းကြီးသည့်အတွက်လာရောက်ရန် အခက်အခဲအနည်းငယ်ရှိပါသည်။ ရွာတွင်းလမ်းမှာသဲလမ်းများဖြစ်သောကြောင့် ရေကြီးရက်များတွင်ရေမြုပ်လျှက်ရှိပါသည်။ အခြား ကျေးရွာများသို့သွားရောက်မည်ဆိုပါလျှင် ရေကြောင်းလမ်းဖြင့်သွားရပါသည်။ နာမကျန်းဖြစ်ပါက ဆေးပေးခန်းမရှိခြင်းကြောင့် ဆေးများအားကြိုတင်ဝယ်ယူကြရပါသည်။ မသက်သာပါကရေငံကြီးကျေးရွာအားသွားရောက်ဆေးကုသကြရပါသည်။အခြေအနေဆိုးရွားပါက မြိတ်မြို့သို့လှေဖြင့် သွားရောက်ကုသရပါသည်။သောက်သုံးရေအားဝယ်ယူသုံးဆွဲကြရပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် မူလွန်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိပါသည်။



အရင်းမြစ်ပြမြေပုံ

၃။ စီမံကိန်းဇယားများ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ

ကျေးရွာ - ရွှေဖလားအော်ကျေးရွာ အုပ်စု - နို့ငွေး နေ့စွဲ - ၂၅၊၁၂၊၂၀၂၄

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း%
၁ နှစ် အောက်	နို့စို့အရွယ်	၈	၉	၁၇	၂.၀၇%
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၀	၈	၁၈	၉.၇၆%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၂၂	၁၈	၄၀	၁၅.၆၁%
၁၀ နှစ်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၄	၁၆	၄၀	၁၆.၉၅%
၁၅ နှစ်မှ ၆၄နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၆	၄၅	၁၀၁	၅၄.၆၃%
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၆	၈	၁၄	၀.၉၈%
စုစုပေါင်း လူဦးရေ - ၂၃၀ ဦး		**၁၂၆**	**၁၀၄**	**၂၃၀**	**၁၀၀%**
စုစုပေါင်း အိမ်ထောင်စု - ၆၀ အိမ်ထောင်စု		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃.၅ ဦး**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ရွှေဖလားအော်ကျေးရွာတွင် လူဦးရေစုစုပေါင်း ၂၃၀ဦး ရှိပြီး အလုပ်လုပ်နိုင်သူ ဦးရေမှာ ၁၀၁ဦး/၅၄.၆၃% သာရှိသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၄%	၃၆	၃	လတ်/ပင်လယ်ရွာ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၂%			နိမ့်/တခြားကျွန်းမှာလုပ်ကိုင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၃	**ငါးဖမ်း လုပ်ငန်း**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၅	၈%	၁၃၇		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၅၀	၈၃%	၁၈		
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၅				လတ်/ဘုန်းတော်ကြီးကျောင်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၉	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၃%	၁၁	၂	လတ်/တခြား လုပ်ငန်းနှင့်တွဲလုပ်ကိုင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					လတ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၂၁	မှီခို အိမ်ထောင်စု					
	စုစုပေါင်း					

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ရွှေလားအော်ကျေးရွာတွင် ရေလုပ်ငန်းနှင့်ဥယျာဉ်ခြံလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြသည်ကိုတွေ့ရှိရသည်။

(၁.၂.၂)လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	မရှိ	မရှိ	မရှိ	မရှိ	ပင်လယ်ကျွန်း
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	မရှိ	မရှိ	မရှိ	မရှိ	ပင်လယ်ကျွန်း
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	၅၀၀၀	-	၃၀၀၀	-	အစုဖြင့်ရှင်း (အမျိုးသားများသာလုပ်ကိုင်)
၄	သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	မရှိ	မရှိ	မရှိ	မရှိ	လုပ်ကိုင်သူမရှိ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား		မရှိ			လုပ်ကိုင်သူမရှိ
၆	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀	ကျပန်းလုပ်သူများ

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	-	-	-	-	-	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)		-	-	-	-	နေ့စား/လခစား မရှိ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	-	-	-	-	-	လုပ်ကိုင်သူမရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ရွှေဖလားအော်ကျေးရွာတွင် ရေလုပ်ငန်းကိုသာအများဆုံး လုပ်ကိုင်ကြပြီး အမျိုးသားများသာလုပ်ကိုင်ကြသည်။ သို့သော် လက်သမား/ပန်းရံလုပ်ငန်းများတွင် အမျိုးသမီးများ လုပ်ကိုင်ကြသည်ကို သိရှိရပါသည်။ အမျိုးသားများအတွက် လုပ်အားခနှုန်းမှာအများဆုံး (၇၀၀၀ကျပ်) အနည်းဆုံး(၅၀၀၀ကျပ်)ဖြစ်ပြီး အမျိုးသမီးများ၏အလုပ်အားခနှုန်းမှာ အများဆုံး (၅၀၀၀ကျပ်) အနည်းဆုံး(၄၀၀၀ကျပ်)ရရှိပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
လယ်မြေ	၄	ကောင်း	မိုးရေကိုသာအဓိကအသုံးချ
ယာမြေ	-	-	

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
တောင်ယာမြေ	-	-	
ဥယျာဉ်ခြံမြေ	၄၇၈	ကောင်း	မိုးရေကိုသာအဓိကအသုံးချ
ကိုင်း/ကျွန်းမြေ	-	-	
ခနိတောမြေ	၃	ကောင်း	မိုးရေကိုသာအဓိကအသုံးချ
စားကျက်မြေ	-	-	
ပလပ်မြေ	၃၂	ကောင်း	-
စုစုပေါင်း	**၅၁၇**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေအရင်းအမြစ်-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ပင်လယ်ကျွန်းစုရွာ ဖြစ်သောကြောင့် ဥယျာဉ် လုပ်ကိုင်သူများမှာ ရွာအနီးရှိ ကျွန်းကြီးများတွင် သွားရောက်လုပ်ကိုင်ကြရသည်။ ဥယျာဉ်ခြံ အသီးအနှံများကို ရေချိုချောင်းမှ ရေသုံးနိုင်သော်လည်း မိုးရာသီတွင်သာမိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးမြေမှာလည်း အထူးကောင်းမွန်ပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	-
ဓာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်)	များ (ကျောက်, သဲ ,ကျောက်စရစ်)	လွယ်
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ	ပင်လယ်ရေငန် ငါးမျိုးစုံ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	မဲစလီပင်	ဆေးအဖြစ်သုံးစွဲခြင်းမရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးတွင် ကျောက်,သဲ,ကျောက်စရစ်များ များစွာရှိ သောကြောင့် အလွယ်တကူစက်လှေဖြစ်သွားရောက်သယ်ယူနိုင်ပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် ပင်လယ် ရေငန် ငါးမျိုးစုံစွာရှိကြောင်းသိရှိရပါသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	A (5)	B (45)	C (43)	D (56)
အိမ်အခြေအနေ	ပျဉ် /တိုက်/သွပ်	ပျဉ်/သွပ်	ပျဉ်/ဓနိမိုး	မရှိ/ယိုင်နဲ့နေသောအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	စက်လှေ(ကြီး)	စက်လှေ(ငယ်)	ခါတ်ဆီသုံး စက်လှေငယ်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း		ရေလုပ်ငန်း/ ဈေးဆိုင်	ရေလုပ်ငန်း	ကျပန်း
အခြားပိုင်ဆိုင်မှု			-	-
အိမ်ထောင်စု - ၅၆	(3.36 %)	(30.20 %)	(28.86 %)	(37.58%)

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဓနအဆင့်ကို A,B,C,D အဖြင့်ခွဲခြားသတ်မှတ်ထားပါသည်။ဓနအဆင့် A ရှိသူများသည် နေအိမ်ကို တိုက်တစ်ဝက်/ပျဉ်ထောင်နဲ့သွပ်မိုးကာ ဆောက်လုပ်ထားပါသည်။ထိုသူများသည် ကုန်စုံဆိုင်/ဥယျာဉ်/စက်လှေကြီးများဖြင့်ကုန်သွယ်ခြင်း စသည့် အလုပ်များကိုလုပ်ကိုင်ကြပါသည်။ဓနအဆင့် B ရှိသူများသည် ပျဉ်ထောင်/သွပ်မိုးဖြင့်နေထိုင်ကြပြီး အဓိကအားဖြင့်ရေလုပ်ငန်းနှင့်ဥယျာဉ်ခြံလုပ်ငန်းများကို လုပ်ကိုင်ကြသည်ကိုတွေ့ရှိရသည်။ဓန အဆင့် C ရှိသူသည်ပျဉ်ကိုအသင့်သင့်ကာထားပြီးဓနိဖက်ဖြင့်မိုးထားသည်ကိုတွေ့ရှိသည်။ထိုသူများသည် အဓိကအားဖြင့်ရေလုပ်ငန်းကိုသာလုပ်ကိုင်ကြသည်။C အဆင့်ရှိသောသူများသည် နေအိမ်ကို ဓနိဖက်မိုး/ပျဉ်ဖြင့်ဆောက်လုပ်ထားပီး ရေလုပ်ငန်းတွင် အစုဖြင့်လိုက်ပြီး ကြုံရာကျပန်းအလုပ်ကိုလည်း လုပ်ကိုင်ကြသည်ကိုတွေ့ရှိရသည်။ထိုကျေးရွာတွင် ဓနအဆင့် A ရှိသူသည် စုစုပေါင်း အိမ်ထောင်စု၏ ၃.၃၆% ၊ ဓနဆင့် B ရှိသူသည် ၃၀.၂၀% ၊ ဓနဆင့် C ရှိသူသည် ၂၈.၈၆% ၊ ဓနဆင့် D ရှိသူ သည် ၃၇.၅၈% ရှိသည်ကိုလေ့လာတွေ့ရှိရ ပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လအောက်	-	-	-
၃ လနှင့် ၆ လကြား	၅	၃.၃၅%	လျော့စား / ချေးယူ
၆ လ မှ ၁၂ လ အထိ	၁၀	၆.၇၁%	ချေးယူ

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။အညွှန်းဆုံကျေးရွာတွင် ဥစ္စာဓနအဆင့် ၃ နှင့် ၄ ရှိသောအိမ်ထောင်စု မှာ ၉၉ အိမ်ထောင်စုဖြစ်ပြီး တစ်ချို့သောအိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုအတွက် ချေးယူခြင်းမရှိ ဖြေရှင်းနိုင်ပြီး တစ်ချို့သောအိမ်ထောင်စုများသည် ချေးယူ / လျော့စား သည့်နည်းဖြင့် ဖြေရှင်းကြသည်။ ထိကျေးရွာသည် ပင်လယ်ကျွန်းစုကျေးရွာဖြစ်သောကြောင့် စက်လှေမရှိသော်လည်း အစုဖြင့်လိုက်ပြီး လုပ်ကိုင်ပါက စားသောက်ရေးအဆင်ပြေကြောင်း သိရှိရသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၄		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသားဦးဆောင် အိမ်ထောင်စု	အနည်းငယ်သာရှိ		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အသက်ကြီးရွယ်အို ကျား-၈ဦး ၊ မ-၆ဦး ရှိပြီး မိသားစု

စောင့်ရှောက်မှုရှိသော သူများဖြစ်သည်။ထိုကျေးရွာတွင် မသန်စွမ်းသည့် ပုဂ္ဂိုလ် တစ်ဦးရှိပြီး မိသားစုမှ စောင့်ရှောက်မှုရှိကြောင်းသိရှရသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု ၄အိမ်ထောင်စုရှိကြောင်းတွေ့ရှိရသည်။ထိုအိမ်ထောင်စုများသည် ဈေးရောင်း/သား-သမီးမှီခို /ကျပန်းလုပ်ကိုင်သူများဖြစ်ကြသည်။ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသားဦးဆောင် အိမ်ထောင်စုအနည်းသာရှိပြီး ရေလုပ်ငန်းလုပ်ကိုင်သူ/သား-သမီးမှီခိုသူ /ကျပန်းလုပ်ကိုင်သူများဖြစ်ကြသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	ရေလုပ်ငန်းပေါများသည်။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်	ပင်လယ်ကျွန်းစုရှာဖြစ်သည်။
၃	ရေကြီးခြင်း	မြင့်	ပင်လယ်ကျွန်းစုရှာဖြစ်သည်။
၄	မိုးခေါင်ခြင်း	မရှိ	ရာသီဥတုမှန်သည်။
၅	အအေးလွန်ကဲခြင်း	မရှိ	ရာသီဥတုမှန်သည်။
၆	မုန်တိုင်း	လတ်	ပင်လယ်ကျွန်းစုရှာဖြစ်သည်။
၇	ငလျင်	မရှိ	-
၈	မီးဘေး	မရှိ	အရန်မီးသတ်အဖွဲ့စောင့်ကြည့်မှုရှိသည်။
၉	ဆားငန်ရေဝင်မြေ	မြင့်	ပင်လယ်ကျွန်းစုရှာဖြစ်သည်။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	နိမ့်	ပင်လယ်ကျွန်းစုရှာဖြစ်သည်။
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ	ပင်လယ်ကျွန်းစုရှာဖြစ်သည်။
၁၂	ငှက်ဖျားရောဂါ	မရှိ	ကျေးရွာတွင်ဖြစ်လေ့မရှိ။
၁၃	တီဘီရောဂါ	မရှိ	ကျေးရွာတွင်ဖြစ်လေ့မရှိ။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	ကျေးရွာတွင်ဖြစ်လေ့မရှိ။
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ	ကျေးရွာတွင်ဖြစ်လေ့မရှိ။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ	ကျေးရွာတွင်ဖြစ်လေ့မရှိ။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၇	လူကုန်ကူးခြင်း	မရှိ	ကျေးရွာတွင်ဖြစ်လေ့မရှိ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	လတ်	မိုးရာသီတွင်သွာလာရခက်ခဲသည်။
၁၉	အခြား	မြင့်	မူးယစ်ဆေးဝါးကြောင့်ထိခိုက်မှုမြင့်/

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ပင်လယ်ကျွန်းစုကျေးရွာဖြစ်သောကြောင့် ရေလုပ်ငန်း ပေါများသဖြင့်ဝမ်းစာဖူလုံမှုရှိသည်ကိုတွေ့ရှိရသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေး
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	ကျပန်း/မှီခို
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	နိမ့်	မြေယာမဲ့မရှိ/ရေလုပ်ငန်းလုပ်ကိုင်
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မရှိ	-
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်	ပင်လယ်ကျွန်းစုကျေးရွာ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်	ပင်လယ်ကျွန်းစုကျေးရွာ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	မရှိ	-
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မရှိ	-
၉	ငါးကန်ပိုင်ရှင်	မရှိ	လုပ်ကိုင်သူမရှိ/ရွေဂဲညိုသွားရောင်း
၁၀	လက်လုပ်လက်စား များ၊ ကျပန်း	မြင့်	ပုံမှန်ဝင်ငွေမရှိ/အလုပ်အကိုင်အခွင့်အလမ်းနည်း/
၁၁	လူနည်းစုလူမျိုးများ	မရှိ	ဗမာလူမျိုးများသာနေထိုင်
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ	-
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	-
၁၄	ရွှေတွင်းလုပ်သား	မရှိ	-
၁၅	ဆေးစွဲသူများ	မြင့်	ရောင်းချသူများ

၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	-
၁၇	လှည့်လည်သွားလာ၍ဈေးရောင်း သူများ	မရှိ	-
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	-
၁၉	ရွှေ့ပြောင်းလုပ်သားများ	မရှိ	
၂၀	ကားသမား	မရှိ	ပင်လယ်ကျွန်းစုကျေးရွာ
၂၁	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု များအနေဖြင့် နေမကောင်းဖြစ်ပါက ကျေးရွာမှထောက်ပံ့မှုရှိသဖြင့် ထိခိုက်မှုနည်းပါးသည်။ ပင်လယ်ကျွန်းစုကျေးရွာ/ မြစ်ကမ်းဘေးနေထိုင်သူများ ဖြစ်သောကြောင့် သဘာဝဘေးကျရောက်ပါကအလွယ်တကူ ထိခိုက် နိုင်ကြောင်း တွေ့ရှိရပါသည်။ ငါးကန်လုပ်ကိုင်သူမရှိသဖြင့် ရရှိသော ငါးများကို ရွှေဂဲညိုကျေးရွာသို့ သွားရောက်ရောင်းချကြသည်။ လက်လုပ်လက်စား/ကျပန်း လုပ်ကိုင်သူများအနေဖြင့် အလုပ်ကိုင်အခွင့် အလမ်းမရှိပါက စားဝတ်နေရေးအတွက်ထိခိုက်မှု ရှိနိုင်ကြောင်းလေ့လာတွေ့ရှိရသည်။ မူးယစ်ဆေး ရောင်းချသူများသဖြင့်မူးယစ်ဆေးစွဲသူများမှာ အသက်၁၅နှစ်မှ အသက်၄၀နှစ်ထိ ရှိကြောင်း သိရှိရပါ သည်။ပင်လယ်ကျွန်းစုကျေးရွာဖြစ်သောကြောင့် ရေလုပ်ငန်းအတွက်သာ သဘာဝဘေးစိုးရိမ်ရပြီး တခြား လုပ်ငန်းများအနေဖြင့် ကားသမား/ရွှေ့ပြောင်း လုပ်သားများ/လှည့်လည်သွားလာ၍ဈေးရောင်းသူများ မရှိကြောင်း လေ့လာ တွေ့ရှိရသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့)
			ကျား	မ	ပေါင်း		
၁	သံဃာ ဝေယာဝစ္စအဖွဲ့		၆	-	၆	ဘာသာရေး	ကောင်း
၂	ရပ်မိရပ်ဖအဖွဲ့		၆	-	၆	ရပ်ရွာသာရေး နာရေး	သင့်

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့)
			ကျား	မ	ပေါင်း		
၃	ကာလလသား/ သမီးအဖွဲ့		၃၀	၃၀	၆၀	ရပ်ရွာ သာရေးနာရေး	ကောင်း
၄	အရံမီးသတ် အဖွဲ့		၁၂	-	၁၂	ရွာအရေပေါ် လုံခြုံရေး	ကောင်း
၅	မိန်းမကြီးအဖွဲ့		-	၁၀	၁၀	ရပ်ရွာ သာရေးနာရေး	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းတွင်သံဃာ့ဝေယာဝစ္စအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့ ပူးပေါင်း၍ ဘာသာရေးနှင့်ရပ်ရွာသာရေးနာရေးလုပ်ငန်းများကိုလုပ်ဆောင်ကြသည်။ကျေးရွာရှိ ကာလသား / သမီးအဖွဲ့၊ မိန်းမကြီးအဖွဲ့ များအနေဖြင့် ရပ်ရွာသာရေး၊နာရေးလုပ်ငန်းများကို လုပ်ဆောင်ကြသည်ကိုတွေ့ရှိရသည်။ထို့အပြင် အရန်မီးသတ်အဖွဲ့၏ ကျေးရွာအရေးပေါ်အခြေအနေအတွက် အရေးပေါ် လုံခြုံရေးလုပ်ငန်းများကိုကြိုတင်လုပ်ဆောင်လေ့ရှိသည်ကိုတွေ့ရှိရသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ မရှိပါကြောင်း တွေ့ရှိရပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၀	၇၂%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅	၉%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက အောက်	၇	၁၃%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက အောက်	၂	၄%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧက အထက်	၁	၂%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၅၅**	**၁၀၀%**	

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေလုပ်ငန်းကိုသာအဓိကထားလုပ်ကိုင်ကြပြီး ဥယျာဉ်ပိုင်ဆိုင်သည့် အိမ်ထောင်စုအနည်းငယ်သာ တွေ့ရှိရပါသည်။ဥယျာဉ်ခြံလုပ်ကိုင်သူများမှာ လည်း အခြားကမ်းပေါ်တွင် သွားရောက်လုပ်ကိုင်ကြသည်ဟုသိရှိရပါသည်။ဥယျာဉ်ခြံလုပ်ကိုင်သူ များမှာ အများအားဖြင့် ကွမ်း ရာဘာ အုန်း တို့ကိုစိုက်ပျိုးကြပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်ဧက	ရရှိနိုင်မှု	
			တန်စပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-		
၂	ရေလွှဲဆည်	-		
၃	မြစ်ရေတင်စီမံကိန်း	-		
၄	ရေသွင်းမြောင်း	-		
၅	အဝီစိတွင်း	□	တစ်နှစ်ပတ်လုံး	ရှိ
၆	လက်ဝင် ရေတွင်း	□	ရာသီအလိုက်	မရှိ
၇	စိမ့်စမ်းရေ			
၈	ချောင်းရေ	-		
၉	အခြား			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဝီစိတွင်း(၂)တွင်း၊လက်တူးတွင်း(၂)တွင်းရှိပြီး သောက်/သုံးရေ လုံလောက်ဖူလုံမှုရှိသည်ကို တွေ့ရှိရသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နည်း/ လတ်/ များ)	အမြတ် ရရှိနိုင်မှု (နည်း/ လတ်/ များ)	မှတ် ချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျ	မှ	ထိ			
ကွမ်းသီး	အနည်း အငယ်	-	-	-	-	၂၀၁၄	၂၀၁၇	လတ်	မရှိ	စိုက်ပျိုးစ
ရာဘာ	အနည်း အငယ်	-	-	-	-	၂၀၁၄	၂၀၁၇	လတ်	မရှိ	စိုက်ပျိုးစ
စပါး	အနည်း အငယ်	-	-	-	-	၂၀၁၄	၂၀၁၇	လတ်	မရှိ	စိုက်ပျိုးစ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ပင်လယ်ကျွန်းစုရွာဖြစ်ပြီး ဥယျာဉ်လုပ်ငန်းကို တခြားကျွန်းစုများတွင်လည်းသွားရောက်လုပ်ကိုင်ကြသည်။အဓိကအားဖြင့်ကွမ်း၊ရာဘာ၊စားပင်/သီးပင်များကိုစိုက်ပျိုးကြပြီးပျိုးပင်များကို ချောင်းညီကိုဟုခေါ်သောကျွန်းစုများတွင် သွားရောက်ဝယ်ယူ ကြသည်ကို သိရှိရသည်။မိတ်ဆွေအချင်းချင်းဆီမှလည်း ပျိုးပင်များရရှိနိုင်သည်။ ကွမ်း၊ရာဘာ စသည်အပင်များမှာ စိုက်ပျိုးစ ဖြစ်သည့်အတွက် အသီးသီးခြင်း မရှိသည်ကိုတွေ့ရှိရသည်။ထို့ကြောင့် ယခုအချိန်တွင် သီးပင်/စားပင်များကိုသာ အဓိက အားထားစိုက်ပျိုး၊ရောင်းချ၊စားသုံးနေကြသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
ထွန်စက်	-	-	-
လက်တွန်းထွန်စက်	-	-	-
အစေ့ချ ကိရိယာ	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-
ရိတ်သိမ်းစက်	-	-	-
ခြွေလှေ့စက်	-	-	-
ရေစုပ်စက်	-	-	-
ခြေနင်းရေတင်စက်	-	-	-
မြက်ရိတ်စက်	၆	-	တော/ပေါင်းကိုလက်ကိုင်ခါး ဖြင့်ခုတ်သူများ
အခြား			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြက်ခုတ်စက်ကိုသုံးစွဲသူ ၆ အိမ်ထောင်စုသာ ရှိပြီးကျန်သော ဥယျာဉ်ခြံလုပ်ကိုင်သူများက ခါးဖြင့်သာအဓိက ခုတ်ယူကြသည်ကိုသိရှိရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု ၊မြေဆီဩဇာ)	စိုက်ပျိုးမြေတိုးချဲ့ရန်မရှိ/မြေဩဇာကောင်း
ရေရင်းမြစ်	မိုးရေ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	ချေးငွေမရှိ
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	နည်းပညာဝန်ဆောင်မှုမရှိ
သွင်းအားစုဈေးကွက်	မရှိ
ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသူ/သား များသွားရောက်စိုက်ပျိုးထားသော ကျွန်းစုရှိမြေဩမှာ ကောင်းမွန်မှုရှိပြီးရာသီအကူးအပြောင်းချိန်တွင်သာ စိုက်ပျိုးပင်သေဆုံးမှုများဖြစ်ပေါ် သည်ကိုတွေ့ရှိရသည်။ စိုက်ပျိုးပင်များအတွက်သဘာဝချောင်းရေများရှိသော်လည်းမိုးရေကိုသာအဓိကထားစိုက်ကြသည်။ စိုက်ပျိုးရေးအတွက်လိုအပ်သောနည်းပညာ မရှိသောကြောင့် လိုအပ်သောနည်း ပညာရရှိပါက အသီးနှံထွက်နှုန်းတိုးတက်စေရန်အတွက်အခွင့်အလမ်းကောင်းများရရှိလာမည်ဖြစ်သည်။ ထိုကျေးရွာတွင် သီးနှံစိုက်ပျိုးစဖြစ်သောကြောင့် ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု အတွက် သီးနှံများမထွက်ရှိကြောင်း သိရှိရသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	တိုးချဲ့ရန်မြေမရှိပါ(ပင်လယ်ကျွန်းစုကျေးရွာ)
မြေဆီဩဇာ အခြေအနေ	ကောင်းမွန်ပါသည်(ရွာအနီးရှိကျွန်းစု/ဥယျာဉ်ခြံ)
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	မရှိပါ/ ကိုယ်ထူကိုယ်ထ/
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	အချိန်မီ မရရှိနိုင်
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	လုပ်သားရှားပါးတယ်/ကျွမ်းကျင်သူမရှိ/ မိရိုးဖလာနည်းအတိုင်းစိုက် ပျိုးကြ/
စိုက်ပျိုးရေ	မိုးရေ
ဖျက်ပိုးနှင့် ရောဂါ	မရှိပါ/စ စိုက်ပျိုးချိန်
ဈေးကွက် လက်လှမ်းမီမှု	လက်လှမ်းမီမှုရှိ (ဘုတ်ပြင်းမြို့)
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	လိုအပ်ပါသည်/

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ကြုံတွေ့ရပါသည်။ ပင်လယ်ကျွန်းစုရွာဖြစ်သောကြောင့် ဥယျာဉ်ခြံအလုပ်ကို တခြားကျွန်းစုများ တွင် သွားရောက်လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေမှာကောင်းမွန်သည်။ စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် ငွေကြေးအရင်းအနှီးကို ကိုယ်ထူကိုယ်ထ တနိုင်တပိုင်စိုက်ပျိုးကြပြီးစိုက်ပျိုးရေးသွင်းအားစုများကိုအချိန်မှီ အသုံးချနိုင်မှုမရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ရေလုပ်ငန်းနှင့်တွဲဖက်လုပ်ကိုင်ကြသည်။ ကျွမ်းကျင်လုပ်သားရှားပါးပြီး စိုက်ပျိုးရေးတွင် ဖျက်ပိုးနှင့်ရောဂါကျရောက်မှု မရှိသေးကြောင်း တွေ့ရှိရသည်။ထိုကျေးရွာတွင် စိုက်ပျိုးနည်းမှာမိရိုးဖလာနည်းအတိုင်းစိုက်ပျိုးကြပြီးသီးနှံအထွက်နှုန်းတိုးရန်စိုက်ပျိုးရေးနည်းပညာအကူအညီနှင့်နည်းလမ်းများလိုအပ်နေသည်ကိုတွေ့ရှိရသည်။ဈေးကွက်လက်လှမ်းမီမှုမှာ ဘုတ်ပြင်းမြို့နှင့် ဆက်သွယ်ချိတ်ဆက်နိုင်သောကြောင့် မိုးရာသီတွင် အဆင်မပြေမှုများ ကြုံတွေ့ရသည်ကိုတွေ့ရှိရသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
နွား	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
နို့စားနွား	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
မြင်း	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
ကျွဲ	၇	၈	ရေငန်-ပင်လယ်ကျွန်းစု/တခြားကျွန်း
မြည်း	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
လား	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
ဆိတ်	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
သိုး	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
ဝက်	၁	၁	ရေငန်-ပင်လယ်ကျွန်းစု/တခြားကျွန်း
ကြက်	၆	၄၂	ရေငန်-ပင်လယ်ကျွန်းစု/တခြားကျွန်း
ဘဲ	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
နွားနောက်	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
အခြား	-	-	မွေးမြူ/လုပ်ကိုင်သူမရှိ
ငါးလုပ်ငန်း			
ငါးကန်	-	-	လုပ်ကိုင်သူမရှိ
ပုဇွန်ကန်	-	-	လုပ်ကိုင်သူမရှိ
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-	လုပ်ကိုင်သူမရှိ
ရေငန် ငါးဖမ်းလုပ်ငန်း	၁၀၀	-	ရေငန်-ပင်လယ်ကျွန်းစု/တခြားကျွန်း
ကမ်းနီး ငါးဖမ်းလုပ်ငန်း	၁၀၀	-	ရေငန်-ပင်လယ်ကျွန်းစု/တခြားကျွန်း
အခြား			ပင်လယ်/ရေငန်းငါးမျိုးစုံရှိသော် လည်းစည်းပွားအဖြစ်လုပ်ကိုင်သူ မရှိ

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများကို မြေနေရာမရှိသဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းအနည်းငယ်သာရှိကြောင်းတွေ့ရှိရသည်။ရေလုပ်ငန်းကိုအဓိကလုပ်ကိုင်သော်လည်း ရရှိလာသော ပင်လယ်ငါးမျိုးစုံကို ရွာအနီးရှိ အဝယ်ဒိုင် များသို့သွားရောက်ရောင်းချကြသည်။ တံငါလုပ်ကိုင်သူများအနေဖြင့်လှေတစ်စီးနှင့် စက်တစ်လုံးရှိလျှင် လုံလောက်သောကြောင့် တနိုင်တပိုင်သာ လုပ်ကိုင်ကြသည်။

(၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	မရှိ/ပင်လယ်ကျွန်းစုရွာ
ရေရရှိမှု	ရှိ
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မရှိ/ပင်လယ်ကျွန်းစုရွာ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ချေးငွေ	မရှိ/ပင်လယ်ကျွန်းစုရွာ
သွင်းအားစု ဈေးကွက်	မရှိ/ပင်လယ်ကျွန်းစုရွာ
နည်းပညာ ဝန်ဆောင်မှု	မရှိ/ပင်လယ်ကျွန်းစုရွာ
ထုတ်ကုန် ရောင်းဝယ်မှု	မရှိ/ပင်လယ်ကျွန်းစုရွာ
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	မရှိ/ပင်လယ်ကျွန်းစုရွာ
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	ရှိ/ပင်လယ်ကျွန်းစုရွာ
ချေးငွေ	မရှိ/ လိုအပ်ပါကရပ်ရွာမှချေးငှား/
သွင်းအားစု လက်လှမ်းမီမှု	ရှိ/စက်လှေ/ငါးဖမ်းပိုက်
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မရှိ/မိရိုးဖလာအတိုင်းလုပ်ကိုင်
ထုတ်ကုန် ရောင်းဝယ်မှု	ရှိ
အခြား	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေနေရာ တိုးချဲ့ရန်မရှိပါ။ထို့ကြောင့် မွေးမြူရေးလုပ်ကိုင်ရန် မြေနေရာမရှိပါ။နေအိမ်အောက်တွင်မွေးမြူနိုင်သော်လည်း ခွေးဆွဲ/ရေကြီး ဒဏ်ကြောင့် သားငါးထုတ်လုပ်မှုအတွက် နည်းပညာများလိုအပ်ပါသည်။အရင်းအနှီးလုံလောက်မှုရှိ ပါသည်။ ငွေထုတ်ချေးပေးသူမရှိပါ။ တခြားဒေသမှလာရောက်ပြီးရေအောက်ပိုက်တားသည့် ခိုးလှေများကြောင့် ငါးရရှိမှုအခွင့်အလမ်းများ နည်းသည်။ ထို့ကြောင့်ခိုးလှေများတားဆီးနိုင်ပြီး နည်းပညာအခွင့်အလမ်းများရရှိပါက သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။

(၂.၂.၃.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	မရှိ/မွေးမြူလုပ်ကိုင်ခြင်းမရှိ
ကူးစက်ရောဂါဖြစ်ပွားမှု	မရှိ/မွေးမြူလုပ်ကိုင်ခြင်းမရှိ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မရှိ/မွေးမြူလုပ်ကိုင်ခြင်းမရှိ
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	မရှိ/မွေးမြူလုပ်ကိုင်ခြင်းမရှိ
အခြား	
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	ရှိ/နယ်မြေကန့်သန့်ထားခြင်းမရှိ
ချေးငွေ ရရှိနိုင်မှု	မရှိ/လိုအပ်ပစ္စည်းအတွက် ငွေစုဝယ်
အခြား	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ပင်လယ်ကျွန်းစုရွာဖြစ်သောကြောင့် မြေနေရာမရှိသဖြင့် မွေးမြူရေးမလုပ်ကိုင်ကြပါ။တံငါလုပ်ငန်းကို သမားရိုးကျ နည်းစနစ်များဖြင့် လုပ်ကိုင်ကြပါသည်။ လှိုင်းလေကြီးပါက အလုပ် မလုပ်နိုင်ကြပါ။ ကန့်သတ်နယ်မြေမရှိသည့်အတွက် နေရာတိုင်းတွင် ငါးဖမ်းလို့ရသည်။ ဝမ်းစာအတွက် ဘယ်နေရာမှာမဆိုဖမ်းလို့ရပြီး ငါးလုပ်ငန်းနှင့်ပတ်သက်၍ ချေးငွေမရ အဖွဲ့အစည်းလည်းမရှိ ပါ ။ တခြားဒေသမှ ကမ်းဝိုင်းပိုက်/ခိုးလှေများလာရောက် ငါးဖမ်းမှုကြောင့်ပင်လယ် သားပေါက်များ ဆုံးရှုံးမှုများကြုံတွေ့ရသည်။ ထို့ကြောင့်ကျေးရွာရှိ ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် ငါးရရှိမှုအခက်အခဲများကြုံတွေ့လာသည်ကိုသိရှိရသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
လုပ်သားအင်အား ပေါများခြင်း	ရှား/လုပ်ကိုင်သူနဲပါးသည်
ဈေးကွက်လက်လှမ်းမီခြင်း	မရှိ/ဈေးကွက်ရှိရာဒေသနှင့်အလှမ်းဝေးသည်
လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း	မရှိ/ပွင့်လင်းရာသီမှသွားလာနိုင်သည်
အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှု ရရှိနိုင်ခြင်း	မရှိ/ရေလုပ်ငန်းလုပ်ကိုင်သူများပြား
ကုန်ကြမ်း ပေါများခြင်း	ပေါများပါသည်/ရေငန်းငါးမျိုးစိတ်များ
လျှပ်စစ်မီး ရရှိနိုင်ခြင်း	ရှား/တနိုင်တပိုင် လျှပ်စစ်မီးပေးသူသာရှိသည်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ လုပ်ကိုင်သူရှားသည်။ဝင်ငွေရအလုပ်အကိုင်အနေဖြင့် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။

ကုန်စုံဆိုင်ရောင်းချသူများလည်းရှိသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက်ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိမှုအားနည်းခြင်း	လိုအပ်ပါသည်
အရင်းအနှီး မလုံလောက်ခြင်း	ရှိ/လုပ်ကိုင်သူမရှိ(အရင်းအနှီးလုံလောက်မှုမရှိ)
အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း	နည်းပါးပါသည်/ ရာသီပေါ်လုပ်ငန်းများသာပေါများ(ရေခူ/ ဂျင်း/ဂဏာန်း/ပုဇွန်)၊ပန်းရံ/လက်သမား နည်းပညာအားနည်း
ပညာတတ်မြောက်မှု နည်းပါးခြင်း	ရှိ/ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် ပညာတတ်မြောက်မှုနည်းပါးသည်။
လျှပ်စစ်မီး မရခြင်း	မရှိ/ရွာပေးမီးရှိသည်။
လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း	ရှိ/ပွင့်လင်းရာသီမှသွားလာနိုင်သည်။
ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း	ကိုယ်တိုင် ထိုင်ရောင်း။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အနေဖြင့် ကုန်စုံဆိုင်လုပ်ငန်း၊လက်ဖက်ရည်ဆိုင်၊စသောလုပ်ငန်းများသာရှိပြီး လိုအပ်သော ပစ္စည်းများရရှိရန် ဘုတ်ပြင်း၊မြိတ်သို့သွားရောက်ဝယ်ယူရန် ရာသီဥတုအခြေ အနေကြောင့်အခက်အခဲများ ကြုံတွေ့ရကြောင်းလေ့လာတွေ့ရှိရသည်။စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ လုပ်ကိုင်သူမရှိခြင်းမှာ-အရင်းအနှီးလုံလောက်မှုမရှိခြင်း၊ နည်းပညာအားနည်းခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရှိရသည်။ ဈေးကွက်ဆိုင်ရာအသိရှိမှုအနေဖြင့် ပင်လယ်ကျွန်းစုကျေးရွာဖြစ်သဖြင့် ဆက်သွယ်ရေးအပေါ် မှီခိုနေရ သောကြောင့် အခက်အခဲကြုံတွေ့ရသည်ကိုလေ့လာတွေ့ရှိရသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု	ပြည်တွင်း	ပြည်ပ	လူဦးရေ

		အရေအတွက်	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားရှိသော အိမ်ထောင်စုနှင့် လူဦးရေ	-	-	-	-	-	-	-	-	-	-
၂	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	-	-	-	-	-	-	-	-	-	-
	၆ လ အထိ	-	-	-	-	-	-	-	-	-	-
	၁၂ လ အထိ	-	-	-	-	-	-	-	-	-	-
	၁၂ လ အထက်	-	-	-	-	-	-	-	-	-	-

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွှေပြောင်းသွားလာလုပ်ကိုင်သူ မရှိကြောင်း လေ့လာတွေ့ရှိရသည်။

(၂.၃.၂) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	-
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စက်လှေမရှိသော တစ်ချို့ အိမ်ထောင်စုများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းသဖြင့် ထိုင်းသို့ပြောင်းရွှေ့လုပ်ကိုင်သော အိမ်ထောင်စုများလည်းရှိ ခဲ့ကြောင်းလေ့လာတွေ့ရှိရသည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်

		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	-	-	-	-	-
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	-	-	-	-	-
	- ဘဏ်	-	-	-	-	-
	- လူကြုံဖြင့်လွှဲပို့ခြင်း	-	-	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပြောင်းသွားလာလုပ်ကိုင်သူ မရှိသဖြင့် ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုမရှိပါ။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး (မိုင်)	ဘုတ်ပြင်း(၄နာရီ)	-
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့်၎င်း၏ အထောက်အပံ့များ	စက်လှေ	-
ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ	အမျိုးအစားစုံလင်စွာရနိုင်	-
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	ကောင်းမွန်ပါသည်	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အိမ်ဆောက်ကရိယာအစုံ၊ လူသုံးကုန်မျိုးစုံ၊ တခြားအမျိုးစုံစွာ ရရှိနိုင်သော ဘုတ်ပြင်းမြို့သို့ ရေလမ်း(လေးနာရီ)ခရီးကိုစက်လှေဖြင့်ဝယ်ယူ ကြသည်ကိုလေ့လာတွေ့ရှိရသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
ပုဂ္ဂလိကဘဏ်	-	-	-	-	-
ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ	-	-	-	-	-
အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ်	-	-	-	-	-
ငွေချေးပေးသူ	-	-	-	-	-
အပေါင်ဆိုင်	-	-	-	-	-
မိတ်ဆွေနှင့် ဆွေမျိုးများ	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ပင်လယ်ကျွန်းစုကျေးရွာဖြစ်သောကြောင့် မည်သည့်ဘဏ် အမျိုးအစားကိုမှ ချိတ်ဆက်မှုမရှိပါ။ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးလိုအပ်လာပါက အသိမိတ်ဆွေများ ထံ အတိုးနှုန်းမရှိ ချေးယူနိုင်ကြောင်းလေ့လာတွေ့ရှိရသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	မြင့်	ကျောက်သားမြေ
အပင်မျိုးစိတ်များ	-	-
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	-	-
ရေအရင်းအမြစ်	လတ်	ကျေးလက် အဝီစိတွင်း
ငါးမျိုးကွဲများ	နိမ့်	ပေါများ(ပင်လယ်ငါးမျိုးစုံ)
အခြားတိရစ္ဆာန်မျိုးကွဲများ	မရှိ	မရှိ(ပင်လယ်ကျွန်းစုရွာ)

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်လယ်ကျေးရွာဖြစ် သောကြောင့် ပင်လယ်ထွက်ကုန်များအတွက် သဘာဝ ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများမရှိကြောင်းလေ့လာတွေ့ရှိရသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၇	၁၁	၁၈	၃.၀၃%
ဘုန်းကြီးကျောင်းသင်ပညာရေး	၆	၉	၁၅	၁၇.၆၅%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၂၃	၃၂	၅၅	၄၃.၈၇%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၁၅	၂၅	၄၀	၃၀.၂၅%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၃၂	၅၆	၈၈	၄.၃၇%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၂	၃	၅	၀.၅၀%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၃	၆	၉	၀.၃၄%
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	**၈၈**	**၁၄၂**	**၂၃၀**	၁၀၀%

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စာမတတ်သူဦးရေမှာ ၁၈ဦး၊ဘုန်းကြီးကျောင်း ပညာသင်သူ ၁၅ဦး၊မူလတန်းပညာရေး မပြီးဆုံးသူဦးရေ ၅၅ ဦး၊မူလတန်းပညာရေး ပြီးဆုံးသူဦးရေ ၄၀ ဦး၊ အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ ၈၈ဦး၊ အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ ၅ဦး၊ဘွဲ့ရသူဦးရေ ၉ဦးရှိကြောင်းလေ့လာတွေ့ရှိရသည်။ကျေးရွာတွင် မူလတန်းအထိသာပညာသင်ကျောင်း ရှိသောကြောင့် ငွေကြေးအဆင်ပြေသူမိသားစုအနေဖြင့်တခြားဒေသတွင်ပညာဆက်လက်သင်ကြားခွင့်ရှိပြီးအဆင်မပြေသော မိသားစုများအနေဖြင့် ကျောင်းထွက်ရသည်ကများသည်ကို လေ့လာတွေ့ရှိရသည်။

(၂.၇.၂)လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉ နှစ်)	၂၃	၃၂	၅၅	
အလယ်တန်း (၁၀-၁၄နှစ်)	၆	၁၂	၁၈	
အထက်တန်း (၁၅-၁၆ နှစ်ကြား)		၂	၂	
တက္ကသိုလ် ကျောင်းသား၊ သူ				

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင့် မူလတန်း နှင့် အလယ်တန်းကျောင်းတက်သူဦးရေများပြီး စီးပွားရေး အဆင်မပြေမှုများကြောင့် အထက်တန်းတက်ရောက်သူနည်းသည်ကို တွေ့ရှိရပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း					
ရွာမှ အကွာအဝေး(မိုင်)	ရွာတွင်း					
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်					
စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)	ပေ ၄၀/၃၀					
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	သွပ်မိုး/ပျဉ်ကာ/အွတေ					
ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	လုံလောက်မှုမရှိ					
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	လစဉ်မရှိ/အလှူ-မွေးနေ့					
ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၁	၁	၂			
ကျေးရွာခန့်	-	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းတစ်ကျောင်းသာရှိပြီး ကျောင်းသားဦးရေများသဖြင့် စာသင်ခန်းမလုံလောက်ကြောင်းတွေ့ရှိရသည်။ ထိုစာသင်ကျောင်းမှာ ရွာထဲတွင်ရှိသောကြောင့် သွားလာရန်

လွယ်ကူသော်လည်း ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိပါ။ စာသင်ကျောင်းတွင် အစိုးရခန့် ဆရာတစ်ဦးနှင့် ဆရာမတစ်ဦးရှိပြီး ကျောင်းသားများအတွက် အဟာရတိုက်ကျွေးမှု လစဉ်မရှိသော်လည်း အလှူ/ မွေးနေ့ရှိပါက ရွာထဲမှ လာရောက်ကျွေးမွေးကြောင်းတွေ့ရှိရပါသည်။

(၂.၇.၄)ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	မရှိ
တပည့် - ဆရာ အချိုး	ညီ
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ(မသန်စွမ်းတစ်ယောက်ရှိ)
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	မရှိ/ အဆင်ပြေစွာဆောင်ရွက်ပေး
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	မရှိ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ငွေကြေးအခက်အခဲရှိပါက ကျေးရွာမှ စုပေါင်းဖြေရှင်း

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စာသင်ကျောင်းအခက်အခဲရှိပါသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ လုံလောက်မှုရှိသည့်အပြင် ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု မရှိပါ။ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှုမရှိသော်လည်း ကျောင်းအတွက် လိုအပ်ချက်များရှိလာပါက ကျေးရွာမှ စုပေါင်း ဖြေရှင်းကြသည်ကိုလေ့လာတွေ့ရှိရသည်။

(၂.၈) ကျန်းမာရေးနှင့် အာဟာရ

(၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက		နိမ့်		အစားအသောက်အဆင်မပြေမှုဖြစ်/
၂	သွေးလွန်တုပ်ကွေး			မရှိ	ဆေးခြင်ထောင်ပေး

#	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၃	ငှက်ဖျား	မြင့်			ရေငံကြီးမှဆရာမ လာရောက်ကုသပေး
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ			မရှိ	
၅	HIV, AIDS,လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ			မရှိ	
၆	တီဘီ		နိမ့်		၆-လတစ်ကြိမ် ဆေးတိုက်
၇	ဆီးချို	မြင့်			အချိုစားသူများ
၈	သွေးတိုး	မြင့်			စိတ်ဖိစီးမှု/အငန်စားများ
၉	အသည်းရောဂါ (ဘီ၊ စီ)		နိမ့်		
၁၀	အာဟာရ ချို့တဲ့မှု			မရှိ	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ			မရှိ	

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ငှက်ဖျား၊ ဆီးချို၊ သွေးတိုး၊ အဖြစ်များပြီး ကျန်းမာရေးဌာနမှ လာရောက်ကုသပေးမှုများ ပြုလုပ်ခြင်းဖြင့်သက်သာပျောက်ကင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ တီဘီရောဂါ၊အသည်းရောဂါဖြစ်ပွားသူအနည်းငယ်သာရှိပြီး ဘုတ်ပြင်းမြို့၊ တောင်ဒဂုံသို့ သွားရောက် ကုသမှုခံယူခဲ့ကြောင်းလေ့လာသိရှိရသည်။

(၂.၈.၂)လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ		မရှိ	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ		မရှိ	
၃	ပိုလီယိုရောဂါ	ရှိ		သတ်မှတ်ကာလ
၄	ဝက်သက်ရောဂါ	ရှိ		သတ်မှတ်ကာလ
၅	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	ရှိ		သတ်မှတ်ကာလ
၆	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	ရှိ		အချိန်ကြာမှတစ်ခါ လာရောက်

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၈	အာဟာရပညာပေး အစီအစဉ်		မရှိ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပိုလီယိုကာကွယ်ဆေး၊ မေးခိုင်(ကိုယ်ဝန်ဆောင်) ကာကွယ်ဆေး၊ ဝက်သက်ရောဂါနှင့် တခြားစုပေါင်းကာကွယ်ဆေးကို ကျန်းမာရေးဌာနမှ လာရောက်ထိုးနှံပေးမှုများ ရှိသည်ကိုသိရှိရသည်။ ကျန်းမာရေးနှင့်ပတ်သက်သော ပညာပေးအစီစဉ် များမရှိသဖြင့် အသိပညာပေး ဗဟုသုတများရရှိရန် လိုအပ်ကြောင်းလေ့လာသိရှိရသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဧယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန/ခွဲ	-	-	ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်-	-	
တိုက်နယ် ဆေးရုံ			ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ-		

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက် မှုရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
			ဓာတ်ခွဲကျွမ်းကျင်-		
မြို့နယ် ဆေးရုံ	၆၅မိုင်	၇၅	ဆရာဝန် - ၁ လ/ထ - ၂ ကျန်းမာရေးမှူး- သူနာပြု -၆ သားဖွားဆရာမ -၂ အရံသားဖွားဆရာမ-၂ ဓာတ်ခွဲကျွမ်းကျင်-၂	ရှိ	
ဆေးဆိုင်			ဆေးဝါးကျွမ်းကျင်သူ (ဟုတ်/မဟုတ်) -	လက်လှမ်းမှီမှု-မရှိ သိုလှောင်ပုံစနစ်-	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျန်းမာရေးအတွက် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရပါက ဘုတ်ပြင်းဆေးရုံကိုသာ အားကိုးကြရသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	-	-	-	-	-	-
အဝိစိတွင်း/စက်တပ်	၂	ကောင်း	လုံလောက်	လုံလောက်	လုံလောက်	-
အဝိစိတွင်း/တုံကင်	-	-	-	-	-	-
မိုးရေသိုလှောင်ကန်	-	-	-	-	-	-
မြစ်/ချောင်း						
ရေကန်	-	-	-	-	-	-

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
စိမ့်စမ်းရေသွယ်တန်းခြင်း	-	-	-	-	-	-
အခြား		-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်သုံးရေ ဖူလုံမှုရှိပါသည်။

(၂.၉.၂)သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ရေလောင်း/ယင်လုံအိမ်သာ	-	-
ကျင်းအိမ်သာ	-	-
ရေပေါ်အိမ်သာ	၄၀	ပင်လယ်ကျွန်းစုကျေးရွာ
တောထိုင်	၁၅	ပင်လယ်ကျွန်းစုကျေးရွာ
စုစုပေါင်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ပင်လယ်ရွာဖြစ်သဖြင့် ရေပေါ်အိမ်သာများ သာ အသုံးပြုမှုများသည် ကိုတွေ့ရှိရပါသည်။ တချို့ အိမ်ထောင်စု များသည် အိမ်သာ သုံးစွဲခြင်း မရှိပါ။ ထို့ကြောင့်ကျေးရွာအတွက် ကျန်းမာသန့်ရှင်းရေး အသိပညာပေးများ လိုအပ်နေကြောင်းလေ့လာတွေ့ရှိရသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု		မရှိ	ဓလေ့ထုံးစံ
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	ရှိ		ပူးပေါင်းဆောင်ရွက်မှုကောင်း
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ		မရှိ	

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
	မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ			
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု	ရှိ		အမျိုးရေးရာ အသိရှိသည်
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်များတွင်အမျိုးသမီးများ ခေါင်းဆောင်မှု မရှိသော်လည်းကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်မူအမျိုးသမီးများတက် ကြွစွာ ပါဝင်သည်ကိုတွေ့ရှိရပါသည်။ကျေးရွာတွင် အမျိုးသမီးများအကြမ်းဖက်မှု/ တိုင်ကြားမှုများမရှိ သည်ကိုတွေ့ရှိရပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက်ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုများ အားကောင်းကြောင်း လေ့လာတွေ့ရှိရသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း သင့်/သည့်	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်း ရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်း	၁	ကောင်း			√	
ချဉ်းကပ်လမ်း	-	-	-	-	-	-
ရွာချင်းဆက်လမ်း	-	-	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။ပင်လယ်ကျွန်းစုကျေးရွာ ဖြစ်သော ကြောင့်ရွာတွင်းလမ်း/မြေသားလမ်း တစ်လမ်းတည်းသာရှိသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	၂၅/၆/၁၂	ညံ့	၂၀၁၄	-	√
ကွန်ကရစ် တံတား	-	-	-	-	-
သစ်သားတံတား					
ကြိုးတံတား	-	-	-	-	-
ရေပြွန်	-	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆိပ်ခံတံတား/သစ်သားတံတား ကို ၂၀၁၄/၁၃၅၂ ခုနှစ်များတွင် စတင်တည်ဆောက်ခဲ့ပြီး အရည်အသွေးမှာ ညံ့နေပြီဖြစ်ကြောင်း၊သို့သော် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သေးကြောင်း လေ့လာတွေ့ရှိရသည်။

(၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း				
ပင်လယ်ရေကြောင်း	ဘုတ်ပြင်း (၆၅)	စက်လှေ	ပွင့်လင်းရာသီ	-
အခြား				

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် စက်လှေဖြင့်သာ အသုံးပြုမှု

များသည်ကို လေ့လာတွေ့ရှိရပါသည်။ လိုအပ်သောကုန်စည် များအတွက် ပင်လယ်ရေကြောင်း ခရီးဖြင့်သာ သွားရောက်နိုင်သောကြောင့် ပွင့်လင်းရာသီတွင်သာ သွားရောက်နိုင် ကြောင်းလေ့လာတွေ့ရှိရသည်။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၈၅	၆	-	၂	-	-	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ပင်လယ်ကျွန်းရွာဖြစ်သဖြင့် စက်လှေ/လှေ ဖြင့်သာသယ်ယူ ပို့ဆောင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	-	-	-
ဆိုလာစနစ်	၃	သင့်	မရှိ
အသေးစားရေအားလျှပ်စစ်	-	-	-
ဒီဇယ်သုံးအင်ဂျင်	၄၀	ကောင်း	မရှိ
လေစွမ်းအင်	-	-	-
ဇီဝလောင်စာ			
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဒီဇယ်အင်ဂျင် သုံးစွဲသူ ၄၀အိမ်ထောင်စုရှိပြီး၊ ဆိုလာစနစ်သုံးစွဲသူ ၃ အိမ်ထောင်စုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၇၈	၄	၁၀	၁၀	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆက်သွယ်ရေးအနေဖြင့် ဖုန်းလိုင်းမှာ နေရာ ကွက်ကြားသာအဆင်ပြေသော

ကြောင့် အခက်အခဲရှိပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	စလင်းကျွန်း
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	အားကောင်း
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	အသင့်အတင့်
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	မရှိ
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	အသင့်တင့်
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	ကောင်း(သတင်းကျွတ်ဘုရား ပွဲတော်ကျင်းပ)
စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု	အသင့်အတင့်

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အပန်းဖြေသည့်အနေဖြင့် ရွာအနီးရှိပင်လယ် ကမ်းခြေသို့ သွားရောက် အပန်းဖြေကြသည်။ထိုကျေးရွာသည် လူမှုရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အသင့်တင့်အားကောင်းကြောင်းလေ့လာတွေ့ရှိရသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု	မရှိပါ
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိပါ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်	ရှိပါသည်/ အရန်မီးသတ်တပ်ဖွဲ့
ရဲစခန်းများအား လက်လှမ်းမီမှု	ရှိပါသည်
အခြား	

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အာမခံလုပ်ငန်းများ လက်လှမ်းမီမှုမရှိပါ။ သို့သော် လူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များတွင် ကျေးရွာရှိမီးသတ်တပ်ဖွဲ့မှ စီမံ ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာတွင်း ရဲစခန်းမရှိသဖြင့် ပြဿနာ ဖြစ်ပွားပါက အုပ်ချုပ်ရေးမှူး မှတာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ပြီး မကြေအေးပါက ဘုတ်ပြင်းမြို့ ရဲစခန်းသို့သွားရောက် ဖြေရှင်းကြသည်ကို သိရှိရသည်။

(၂.၁၅.၂) မူခင်းဖြစ်ပွားမှု

ဇယား (၄၈) မူခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	**ခိုးမှု**	**မူးယစ်ဆေးသုံးစွဲမှု**	**အကြမ်းဖက်မှု**
စိုးရိမ်/သာမန်/မရှိ	မရှိ	မရှိ	စိုးရိမ်	မရှိ

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ အကြမ်းဖက်မှုများမရှိပါ.

၅။ နောက်ဆက်တွဲများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာ - ရွှေဖလားအော် အုပ်စု - နို့ငွား

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဖစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
၁။ က ဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု						
	• ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စွမ်းဆောင်ရည် အားနည်းခြင်း • လူမှုရေးဘာသာရေးအဖွဲ့ သာရှိ/ဘက်စုံဖွံ့ဖြိုးရေး အဖွဲ့မရှိခြင်း • ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများဝင်မှု အားနည်းခြင်း။	• ဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်ပေးနိုင်သူနည်းခြင်း။ စွမ်းဆောင်ရည်သင်တန်း များမရရှိခြင်း။ • ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲအကောင်ထည်ဖော် သည့်စနစ်မရှိခြင်း။ • ဓလေ့ထုံးတမ်းအစဉ်လာ အရ။	• ကျေးလက် စီမံကိန်း နှင့်ကော်မတီဝင်များ ရှိနေခြင်း။	• အချိန်မပေးနိုင်ခြင်း၊ သွားလာရခက်ခဲခြင်း။	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ များအားစွမ်းဆောင်ရည် မြှင့် သင်တန်းများ ပေးခြင်း။	• ၁။ကျေးရွာဖွံ့ဖြိုးရေး အတွက်စွမ်းဆောင်ရည် မြှင့်သင်တန်းများ ရရှိအောင် ဆောင်ရွက်ခြင်း။
၂။ကဏ္ဍ - ငါးလုပ်ငန်း						
၃။ ကဏ္ဍ - သီးနှံထုတ်လုပ်ရေး						
	• သီးနှံစိုက်ပျိုးသူနည်း ပါးခြင်း	• ပင်လယ်ကျွန်းရွာဖြစ်သော ကြောင့် မြေနေရာနှင့် ရေရှားပါးခြင်း	• ကာလတိုဝင်ငွေရသီးနှံ စိုက်ပျိုးခြင်း။	• ဈေးကွက်နှင့် အလှမ်းဝေး ခြင်း	စီးပွားဖြစ်စိုက်ပျိုးခြင်းမရှိ သော်လည်းတစ်နိုင်တစ်ပိုင်	

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
					စိုက်ပျိုးနိုင်	
၄။ ကဏ္ဍ - မွေးမြူရေး						
၅။ ကဏ္ဍ- စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ						
	• အသက်မွေးဝမ်းကျောင်း ဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း	အတန်းပညာတက်မြောက် သူနည်းပါးခြင်း။ • ရေလုပ်ငန်းကိုသာအဓိက ထားလုပ်ကိုင်ခြင်း။	• ရေလုပ်ငန်းထွက်ကုန် ကြမ်းများရှိခြင်း။	အလုပ်အကိုင်အခွင့်လမ်း နည်းပါးခြင်း။	• အလုပ်အကိုင်အခွင့်အလမ်း များ လက်လှမ်းမီမှု တိုးတက် ရေး အစီအစဉ်များဖြင့် ကျေးရွာလူထုအား ကူညီရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း	၈။အသက်မွေးဝမ်း ကျောင်းဆိုင်ရာ အတတ်ပညာများ တတ်ကျွမ်းရန်သင်တန်း များတောင်းခံခြင်း။ (စက်ချုပ်၊ မုန့်လုပ်၊ ကုန်ချောပြုလုပ်ခြင်း)။
၆။ ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း						
	• ချေးငွေလုပ်ငန်းများ နှင့်လက်လှမ်းမမှီခြင်း	• ကျေးရွာအတွင်းတွင် အသေးစားချေးငွေ ဝန်ဆောင်မှုမရရှိခြင်း။	•	• အသေးစားချေးငွေ ဝန်ဆောင်မှုများ မြို့နယ် တွင်း၌ မဖွံ့ဖြိုးခြင်း	• အတိုးနှုန်းသက်သာသော ငွေချေးရရှိနိုင်ရန် မြို့နယ် အဆင့်သို့ တင်ပြခြင်း၊	၉။ အစုအဖွဲ့စနစ်ဖြင့် ချေးငွေရရှိရေး ဆောင်ရွက်ခြင်း
၇။ ကဏ္ဍ - ပညာရေး						
	စာသင်ဆောင်မလုံ လောက်ခြင်း • ကျောင်းသုံးပရိဘောဂ	• ကျောင်းသားဦးရေများကာ စာသင်ဆောင်မှာနှစ်ဆောင် သာရှိခြင်း။ • ကျောင်းသားဦးရေများ	•	• မြေနေရာခက်ခဲခြင်း။ • ထောက်ပံ့ရန်ပုံငွေရရှိရန် ခက်ခဲခြင်း။	• ပညာရေးဌာနသို့ ကျောင်းဆောင်များ၊ ကျောင်းသုံးပရိဘောဂများ ထက်မံရရှိရန်	၁၀။ ပညာရေးဌာနသို့ ထပ်တိုးစာသင်ဆောင် (၄၀×၃၀) ၊ ပညာရေး

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	များမလုံလောက်ခြင်း။ • အထက်တန်းပညာပြီးစီးမှုအားနည်းခြင်း။	ပြားခြင်း။ • စီးပွားရေးအခက်အခဲကြောင့်မိသားစု လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေရခြင်း။ပညာရေးကုန်ကျစရိတ်များပြားခြင်း။			တောင်းခံခြင်း။ • ပညာရေးဌာထူးခွန်သောကျောင်းသားများကို ပညာရေးအတွက်ထောက်ပံ့ပေးသောအဖွဲ့များနှင့်ချိတ်ဆက်ခြင်း။	ထောက်ပံ့ရန်ပုံငွေများရရှိရန် တောင်းခံခြင်း။ ၁၁။ ပညာတတ်မြောက်မှုတိုးတက်အောင်ဆောင်ရွက်ခြင်း
၈။ ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး						
	• ကျန်းမာရေးအသိပညာအားနည်းခြင်း။ • အိမ်သာစနစ်တကျအသုံးပြုမှုမရှိခြင်း။	• ကျန်းမာရေးဆိုင်ရာအသိပညာများလေ့လာလိုက်စားမှုမရှိခြင်း။ • ပင်လယ်ကျွန်းရွာဖြစ်ခြင်း ကျန်းမာရေး အလေးထားမှုအားနည်းခြင်း။	• ကျွန်းတွင်ရေထွက်ရှိနေခြင်း။		• အခြေခံကျန်းမာရေး အသိပညာပေး ဟောပြောပွဲများပုံမှန် ပြုလုပ်ခြင်း၊ • ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများလုပ်ပေးခြင်း။	၁၂။ ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်၍ကျန်းမာရေးဟောပြောပွဲရရှိရန် ဆောင်ရွက်ခြင်း။
၉။ ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ						
	• ရေကြီးရက်များတွင် ရွာတွင်းမြေသားလမ်းများရေကျော်ခြင်း။ • ဆိပ်ခံတံတားနှင့် သစ်သားတံတားများ	• ကျွန်းဘေးပတ်လည်တွင် ရေတားနိုင်သော ရေတားနံရံများမရှိခြင်း။ • တံတားများမှာလည်းပျက်စီးနေသော်လည်း	•	•	• ရွာတွင် ရေတားနံရံများပြုလုပ်နိုင်ရန် ကျေးလက်ဦးစီး ဌာနသို့တင်ပြခြင်း • သစ်သားတံတားများဆိပ်ခံတံတားများ	၁၃။ ရွာတွင်းလမ်းများကောင်းမွန်အောင် ဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	ပျက်စီးနေခြင်း။	ပြုပြင်မှုမရှိသေးပေ။			ပြန်လည် ပြုပြင်မွမ်းမံခြင်း။	
၁၀။ ကဏ္ဍ - ကျေးရွာမီးလင်းရေး						
	• မရှိ	• မရှိ	• မရှိ	• မရှိ	• မရှိ	
၁၁။ ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု						
	• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များ မရှိသေးခြင်း	• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထ မရှိခြင်း၊			• လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်း များ လေ့လာဆောင်ရွက် နိုင်ရန် မြို့နယ်အဆင့် အဖွဲ့ အစည်းများထံလေ့လာခြင်း	၁၅။ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက် ခြင်း
၁၂။ ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး						
	• ငါးမျိုးပြုန်းတီးလာ ခြင်း။ • အမှိုက် စွန့်ပစ်မှု စနစ်မကျခြင်း • ဒီရေတောပြုန်းတီး လာခြင်း။ • ရေကြီးနိုင်သည့် အန္တရာယ်ရှိခြင်း။ • ရေထုညစ်ညမ်းခြင်း။	• အခြားနေရာမှ ကမ်းပိုက် များဖြင့်လာရောက် ဖမ်းယူခြင်း။ • ဒီရေတောများပြုန်းတီး လာခြင်း။ • အမှိုက်များစွန့်ပစ်ရန်နေရာ မသတ်မှတ်ထားခြင်း။ • ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာအားနည်းခြင်း။	•	•	ဥပဒေအရဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့်တင်ပြခြင်း • ဒီရေတောစိုက်ခင်းများ ပြန်လည်ထူထောင်ခြင်း။ • ဒီရေတောထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲ များ ပြုလုပ်ခြင်း၊ • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ စည်းကမ်းများ သတ်မှတ် လုပ်ဆောင်ခြင်း။	၁၆။ ဒီရေတောနှင့် ငါးသယံဇာတ ထိန်းသိမ်း ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏
အခြေခံအဆောက်အဦနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ - ရွှေဖလားအော်　　အုပ်စု - နို့ငွား　　ရက်စွဲ - ၂၅-၁၂-၂၀၂၄

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	မြေထိန်းနံရံတည်ဆောက်ခြင်း
၂	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း
၄	ရေပိုက်လိုင်းသွယ်တန်းခြင်း

အသက်မွေးဝမ်းကျောင်းဆိုင်ရာဦးစားပေးလုပ်ငန်းများ

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
	တင်ပြခြင်းမရှိပါ။။